# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

May 25, 2020 | Volume 31, Number 14


**၂၅.၅.၂၀၂၀**

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၂၃ -US$ |
| မြန်မာ့ရွှေဈေး | = ၁၂၁၆၅၀၀ |
| ဒေါ်လာဈေး | = ၁၄၁၂/- ကျပ် |
| CBM Rate | = ၁၄၀၆.၅ ကျပ် |
| ယူရို တစ်ယူရို | = ၁၅၃၂.၇ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၉၈၇.၉၀ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၇၁၂.၆ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၃၀၈.၀ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၉၁၇.၂၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၁၉၇.၀၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၁၈.၅၁၃ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၁၃.၃၇ ကျပ် |
| မလေးရှားရင်းဂစ် | =၃၂၂.၂၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၄.၀၉၁ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com


## ပြည်ပမှအရက်တင်သွင်းခွင့်ပြန်ပြု၊ ဘီယာနှင့်စီးကရက်ကို တည်ဆဲဥပဒေအရ ဆက်လက်တားမြစ်

ပြည်ပမှ အရက်တင်သွင်းခွင့်ကို ပြန်လည်ခွင့်ပြုရာတွင် ရန်ကုန်လေဆိပ်နှင့် ရန်ကုန်ဆိပ်ကမ်းများကသာတင်သွင်းရမည်ဖြစ်ပြီး ဘီယာနှင့်စီးကရက်ကို တည်ဆဲဥပဒေအရဆက်လက်တားမြစ်ထားကြောင်း ယနေ့ (မေ ၂၅ ရက်)တွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားသည်။ ထိုကဲ့သို့ တင်သွင်းခွင့်ပြုခြင်းသည် အရည်အသွေး အာမခံနိုင်သော ကုန်စည်များရောင်းချ စားသုံးနိုင်ရန်၊ တရားမဝင်တင်သွင်းမှုကို ထိန်းချုပ်နိုင်ရန်၊ နိုင်ငံတော်မှ အခွန်အခများ အပြည့်အဝရရှိရန်၊ ပြည်တွင်းဈေးကွက်လိုအပ်ချက်ကို ဖြည့်ဆည်းနိုင်ရန်ဖြစ်ကြောင်း ထုတ်ပြန်ချက်တွင်ဖော်ပြပါရှိသည်။ “ယခုထုတ်ပြန်ချက်အရ ယခင်က ပြည်ပမှ တင်သွင်းခွင့်မပြုခဲ့သောအရက်အား အရက်တင်သွင်းခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီတင်သွင်းခွင့်ရမှာဖြစ်ပါတယ်။ အရက်တင်သွင်းလိုသူ ပို့ကုန်သွင်းကုန် လုပ်ငန်းရှင်များအနေနဲ့ အရက်တင်သွင်းခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများအရ သတ်မှတ်ချက်နဲ့အညီ ဆောင်ရွက်နိုင်ပါတယ်” ဟု စီးပွားရေးနှင့်ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာသန်းမြင့်က ၎င်း၏လူမှုကွန်ရက် စာမျက်နှာတွင်ရေးသားထားသည်။

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ပြည်ပမှ အရက်တင်သွင်းခွင့်ဆိုင်ရာ လုပ်ထုံးလုပ်နည်းများတွင် ပြည်ပမှ အရက်တင်သွင်းရာ၌ အရက်တစ်လီတာလျှင် ဆိပ်ကမ်းအရောက်တန်ဖိုးသည် အနည်းဆုံးအမေရိကန် ဒေါ်လာ ၈ ဒေါ်လာရှိရမည်ဖြစ်သည်။ ထို့အပြင်အရက်တင်သွင်းခွင့်ရရှိသည့်ကုမ္ပဏီနှင့် တင်သွင်းခွင့်လုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေအရ ဖွဲ့စည်း ထားသည့် မြန်မာကုမ္ပဏီဖြစ်ရမည်ဖြစ်ပြီး ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် မှတ်ပုံတင်၊ နိုင်ငံခြားအရက်ကို လက်ကားရောင်းချခွင့်လိုင်စင်ရရှိသည့် ဒါရိုက်တာ တစ်ဦး ပါဝင်ရမည်ဖြစ်ပြီး သက်ဆိုင်ရာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနက ခွင့်ပြုထားသည့် ဖြန့်ဖြူးရောင်းချခွင့် လိုင်စင်နေရာ (သို့မဟုတ်) သိုလှောင်ခွင့်လက်မှတ် ရယူထားသောသိုလှောင်ရုံရှိရမည်ဖြစ်သည်။

အရက်တင်သွင်းခွင့်ရရှိသည့် ကုမ္ပဏီသည် ယာမကာတင်သွင်းခွင့်မှတ်ပုံတင် လျှောက်ထားရမည့်အပြင် သက်ဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ စည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ အခွန်အခပေးဆောင်ရမည်ဖြစ်ပြီး သတ်မှတ်ချက်နှင့် အညီလိုက်နာဆောင်ရွက်ခြင်းရှိမရှိကို သက်ဆိုင်ရာဝန်ကြီးဌာန၏ စစ်ဆေးခြင်းကို အခါ အားလျော်စွာခံယူရမည်ဖြစ်သည်။ သို့သော်အခွန်လွတ်အရောင်းဆိုင်များ၊ ဟိုတယ် များတွင် အသုံးပြုရန်အတွက်အရက်တင်သွင်းခြင်းကိုစီးပွားရေးနှင့်ကူးသန်းရောင်းဝယ်

ရေးဝန်ကြီးဌာနမှ သီးခြားသတ်မှတ်ထားသည့်လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်သွင်းခွင့်ပြုမည်ဖြစ်သည်။ ပြည်ပမှ အရက်၊ ဘီယာ၊ စီးကရက်တင်သွင်းခွင့်ကို တည်ဆဲဥပဒေအရ ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်းက ကန့်သတ်တားမြစ်ခဲ့ပြီး လက်ရှိတွင် ဘီယာနှင့်စီးကရက်ကို တည်ဆဲဥပဒေအရ ယခင်အတိုင်းတားမြစ်ကန့်သတ်ထားသည်။

**Source:** https://www.facebook.com/standardtimedaily/posts/2719260801519190?__tn__=K-R

## ရန်ကုန်အဝယ်နှင့် နယ်အဝယ်ပါပျောက်နေ၍ ကားဈေးကွက်ရပ်ဆိုင်း

Covid-19 ကြောင့် ကားဈေးကွက်တွင် ရန်ကုန်အဝယ်နှင့် နယ်အဝယ်ပါပျောက်နေပြီး ရောင်းသူများနေသောကြောင့် ဈေးကွက်ရပ်ဆိုင်းနေကြောင်း ကားလောကတွင်လုပ်ကိုင်နေသူများထံမှသိရသည်။ “ဒီ Covid-19 ဂယက်ကြောင့် ကားဈေးကွက်ထဲမှာဆိုရင် ဝယ်တာထက်ရောင်းတာပိုများလာတယ်။ တချို့က ငွေမြန်မြန်ပေါ်ချင်လို့ ဈေးချပြီး ရောင်းလာတာကိုလည်းတွေ့ရတယ်။ ဈေးချရောင်းတော့ ကားဈေးတွေကကျတာပေါ့။ ဒီဂယက်ကပြီးသွားရင်တောင် ကားဈေးကွက်က ပြန်ကောင်းဖို့ဆိုတာ ကြာဦးမယ်။ ဘာလို့ဆို စီးပွားရေးတွေက အကုန်လုံးကျပ်တည်းသွားတာကိုး” ဟု ကားလောကတွင် လုပ်ကိုင်နေသူ ဦးအောင်ဦးကပြောဆိုသည်။

ထို့ပြင် ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနကလည်း မော်တော်ယာဉ်နှင့်ဆက်စပ်သည့်လုပ်ငန်းအချို့ကို ယာယီ ရပ်ဆိုင်းထားသည်။ ဝန်ထမ်းကားပါမစ်ဂယက်ကြောင့် ကားဈေးကွက်မတည်မငြိမ်ဖြစ်နေရာမှ Covid-19 ကြောင့် ကားဈေးကွက်ဆက်လက်အေးစက်နေကြောင်း၊ ကားဈေးကွက် ပုံမှန်အတိုင်းပြန်ဖြစ်ရန် မည်မျှကြာဦးမည်ဟု မခန့်မှန်းနိုင်သေးကြောင်းလည်း ကားဈေးကွက်အတွင်းမှသိရသည်။

**Source:** http://thevoicemyanmar.com/news/41570-ygn

## COVID – 19 အလွန် မြန်မာနိုင်ငံနှင့် ထားဝယ်အထူးစီးပွားရေးဇုန်မှာ ဆက်သွယ်ရေးလမ်းကြောင်းအရ ဗျူဟာမြောက်မှုပိုလာမည်




COVID -19 အလွန် ကမ္ဘာ့စီးပွားရေးပုံစံပြောင်းလဲလာပြီး မြန်မာနိုင်ငံနှင့် ထားဝယ်အထူးစီးပွားရေးဇုန်မှာ ဆက်သွယ်ရေး လမ်းကြောင်းအရ ဗျူဟာမြောက်မှုပိုလာမည်ဟု ထားဝယ် အထူးစီးပွားရေးဇုန်ကော်မတီထံမှသိရသည်။ "ကိုဗစ်အလွန်မှာ ကမ္ဘာ့စီးပွားရေးပုံစံကနည်းနည်းပြောင်းသွားမယ်။ပြောင်းသွားတဲ့အခါမှာ မြန်မာပြည်ရဲ့ ဗျူဟာမြောက်မှုက ပိုပြီးအရေးပါလာနိုင်တယ်။ ဒါကြောင့်မို့လို့ ထားဝယ်အထူးစီးပွားရေးဇုန်က ဆက်သွယ်ရေးလမ်းကြောင်းမှာ ဗျူဟာမြောက်တဲ့ အနေအထားမျိုးက ပိုပြီးတော့သိသာလာမယ်'' ဟု ထားဝယ် အထူးစီးပွားရေးဇုန်ကော်မတီအတွင်းရေးမှူး ဒေါက်တာ တင်ထူးနိုင်က မြန်မာတိုင်းမ်သို့ ပြောသည်။

ထားဝယ်အထူးစီးပွားရေးဇုန်၌ ရင်းနှီးမြှုပ်နှံရန် နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများ အထူးစိတ်ဝင်စားနေချိန် COVID -19 ကြောင့် လုပ်ငန်းစဉ်များနှောင့်နှေးကြန့်ကြာခဲ့ကြောင်း လက်ရှိ COVID -19 ကာလအတွင်း ထားဝယ်အထူးစီးပွားရေးဇုန် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများကို နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများနှင့် Video Conferencing ဖြင့်ဆွေးနွေးရာ စိတ်ဝင်စားမှု မြင့်တက်လျက်ရှိပြီး ရင်းနှီးမြှုပ်နှံသူအသစ်များတိုး တက်လာကြောင်းသိရသည်။ "အခုလာပြီးဆက်သွယ်နေတာက အာရှနိုင်ငံတွေပါ။ ကိုဗစ်ဖြစ်နေပေမယ့် ထားဝယ်အထူးစီးပွားရေးဇုန်နဲ့ပတ်သက်ပြီး နိုင်ငံခြားရင်းနှီးမြှုပ်နှံသူတွေ စိတ်ဝင်စားမှု ပိုတိုးလာတယ်။ ကိုဗစ်မတိုင်မီဆက်သွယ်ထားတဲ့ ကုမ္ပဏီတွေကတော့ လောလောဆယ် ပြန်မဆက်သွယ်သေးဘူး။ အသစ်လာပြီးဆွေးနွေးတဲ့ကုမ္ပဏီတွေရှိလာတယ်။ ကိုဗစ်ကာလမှာတောင်စိတ်ဝင်စားမှုရှိတာတွေ့ရတဲ့အတွက် ကိုဗစ်အလွန်

ကာလမှာ အရင်ထက်ပိုပြီးလုပ်ငန်းတွေပိုပြီးသွက်လက်လာ မယ်'' ဟု ဒေါက်တာတင်ထူးနိုင်ကပြောသည်။ ထားဝယ်အထူးစီးပွားရေးဇုန် ပင်မစီမံကိန်း ပမာဏကြီးမားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအတွက် နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများကို ၂၀၁၉ ခုနှစ် အောက်တိုဘာလတွင် ဖိတ်ခေါ်ခဲ့ရာ အာရှနိုင်ငံများဖြစ်သည့် စင်ကာပူ ၊ အိန္ဒိယ ၊ မလေးရှား ၊ ထိုင်း ၊ တရုတ် ၊ ကိုရီးယား၊ ၊ ဗီယက်နမ်၊ ဩစတေးလျနိုင်ငံများအပြင် မြန်မာကုမ္ပဏီများကပါ အထူးစိတ်ဝင်စားကာ သတင်းအချက်အလက်ကောက်ယူခြင်းများဆောင်ရွက်ခဲ့သည်။ “လက်ရှိမှာ COVID –19 ကလည်း ဘယ်တော့မှပြီးမယ်ဆိုတာမသိဘူး။လက်ရှိအနေအထားမှာ ပြင်ဆင်ဆောင် ရွက်နေတာတွေလုပ်နေရတယ်။ လုပ်ငန်းစဉ်တွေကြန့်ကြာသွားတယ်။ အရမ်းနှမြောဖို့ကောင်းတယ်။ ဒီထားဝယ်အထူးစီးပွားရေးဇုန်နဲ့ပတ်သက်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံသူတွေ အထူးစိတ်ဝင်စားနေတဲ့ အချိန်ကျမှ COVID – 19 ကြောင့် လုပ်ငန်းစဉ်တွေအရမ်းနှောင့်နှေးသွားတယ်။ လမ်းဖောက်မယ့်ကိစ္စတွေရော အကုန်လုံးအပေါ်မှာ လာပြီးတော့သက်ရောက်တယ်။ တော်တော်နှမြောဖို့ကောင်းပါတယ်” ဟု ဒေါက်တာတင်ထူးနိုင်ကပြောသည်။

အဆိုပါထားဝယ်အထူးစီးပွားရေးဇုန်စီမံကိန်းကို ကနဦးစီမံကိန်းအဖြစ် ၂၀၀၈ ခုနှစ်တွင် အီတာလျံထိုင်း ကုမ္ပဏီကို လုပ်ပိုင်ခွင့်ပေးခဲ့သော်လည်း ဘဏ္ဍာငွေကြေး ၊ နည်းပညာ ၊ ဈေးကွက်ထိုးဖောက်မှုအားနည်းခြင်း ၊ စီမံကိန်းဧရိယာကြီးမားခြင်း စသည်တို့ကြောင့် မအောင်မြင်ခဲ့ သည့်အတွက် ၂၀၁၃ ခုနှစ်တွင် ကန်ထရိုက်လုပ်ငန်းများကို ပြန်လည်ရုပ်သိမ်းလိုက်သည်။ ထို့နောက် ကြီးမားသည့်ဧရိယာဖြစ်သည့် စကွဲယားကီလိုမီတာ ၂၀၀ ခန့်မှ ၂၇ စကွဲယားကီလိုမီတာအထိ အရွယ်အစားလျှော့ချကာ ပင်မစီမံကိန်းအဖြစ် အီတာလျံထိုင်း ကုမ္ပဏီကိုပင် ထပ်မံလုပ်ပိုင်ခွင့်ပေးခဲ့သည်။ ယခုအခါ စီမံကိန်း လုပ်ငန်းကြီးတစ်ခုလုံးအကောင်အထည်ဖော်နိုင်ရေးအတွက် ယင်းကဲ့သို့ရင်းနှီးမြှုပ်နှံမှုများ ထပ် မံဖိတ်ခေါ်ခြင်းဖြစ်သည်။

ထားဝယ်အထူးစီးပွားရေးဇုန်မှာ ၂၀၀၈ ခုနှစ်တွင် မြန်မာနိုင်ငံ၌ ပထမဦးဆုံးပေါ်ပေါက်ခဲ့ပြီး သီလဝါ အထူးစီးပွားရေးဇုန်ထက် ၈ ဆခန့်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန်ထက် ၁၀ ဆ ကျော်ကြီးမားကြောင်း အရှေ့တောင်အာရှတွင် အရွယ်အစားအကြီးဆုံး အထူးစီးပွားရေးဇုန်ဖြစ်ပြီး ဧက ၅ သောင်းခန့်၊ စကွဲယားကီလိုမီတာ ၂၀၀ ခန့်ရှိသည်။

**Source:** https://myanmar.mmtimes.com/news/139569.html

## ကမ္ဘာ့အကြီးဆုံး လွတ်လပ်သည့် ကုန်သွယ်ရေးစာချုပ်တွင် မြန်မာ ပါဝင်လက်မှတ်ထိုးမည်

ကမ္ဘာ့အကြီးဆုံး လွတ်လပ်သည့် ကုန်သွယ်မှုဒေသဖြစ်လာရန် မြန်မာအပါအဝင် အာဆီယံ ၁၀ နိုင်ငံနှင့် ဆွေးနွေးဖက်ခြောက်နိုင်ငံတို့ ယခုနှစ်အတွင်း လက်မှတ်ရေးထိုးမည်ဟု ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်းကပြောသည်။ နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် စတုတ္ထမြောက် တစ်နှစ်တာကို နိုင်ငံပိုင်သတင်းစာများ တွင် ဖော်ပြရာတွင် ဝန်ကြီး ဦးသောင်းထွန်းက ထည့်သွင်းပြောကြားခဲ့ခြင်းဖြစ်သည်။ ‘‘မြန်မာနိုင်ငံဟာ ကမ္ဘာ့အဆင့်မီ နိုင်ငံတကာကုန်သွယ်ရေးစာချုပ်တစ်ခုမှာ အဖွဲ့ဝင်အဖြစ်ပါဝင်မှာဖြစ်ပြီး နိုင်ငံသားတွေအတွက် အခွင့်အလမ်းတွေ ချဲ့ထွင်ပေးသွားနိုင်မှာဖြစ်ပါတယ်’’ဟု ဝန်ကြီး ဦးသောင်းထွန်းကပြောသည်။

ထိုစာချုပ်သည် Regional Comprehensive Economic Partnership–RCEP ဟုဆိုသည့် လွတ်လပ်မှု၊ ကုန်သွယ်မှုဒေသဖြစ်လာရန်ဖြစ်သည်ဟုဆိုသည်။ ထိုသို့ဖြစ်လာပါက အာဆီယံနှင့်ဆွေးနွေးဖက်နိုင်ငံများကြား ကုန်သွယ်မှုနှင့်ရင်းနှီးမြှုပ်နှံမှုတိုးတက်လာရန်ဖြစ်သည်။ လွတ်လပ်သောကုန်သွယ်မှုကို အာဆီယံနိုင်ငံများနှင့် တစ်နိုင်ငံချင်းအလိုက် လက်မှတ်ထိုးသည်နိုင်ငံများရှိပြီး ၎င်းတို့မှာ ဂျပန်၊ ကိုရီးယား၊ တရုတ်၊ ဩစတြေးလျ၊ နယူးဇီလန်၊ အိန္ဒိယနှင့်ဟောင်ကောင်တို့ဖြစ်သည်။ ၎င်းတို့နှင့်ဒေသတွင်း ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ တိုးတက်အောင် ပူးပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။

အာဆီယံလွတ်လပ်သော ကုန်သွယ်မှုဒေသကို ဘရူနိုင်း၊ မလေးရှား၊ ထိုင်း၊ စင်ကာပူ၊ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားတို့က ၁၉၉၂ တွင် စတင်ခဲ့ပြီး မြန်မာ၊ဗီယက်နမ်၊ ကမ္ဘောဒီးယားနှင့် လာအိုတို့က နောက်ပိုင်းတွင်ပါဝင်ခဲ့သည်။ ထို့အတွက် အာဆီယံကို တရုတ်၊ တောင်ကိုရီးယား၊ ဂျပန်၊ အိန္ဒိယ၊ ရုရှား၊ ဩစတြေးလျနှင့်နယူးဇီလန်တို့က လေ့လာစောင့်ကြည့်နေကြောင်း အာဆီယံက ထုတ်ပြန်ထားသည်။

**Source:** https://7day.news/detail?id=186963

## ပိုးမွှားကင်းကြောင်းထောက်ခံချက်မရှိသည့် မြန်မာ့ဆန်တန်ချိန် ၅၀၀၀ ကို စစ်ဆေးပြီးမှ တရုတ်ဝယ်မည်



ပိုးမွှားကင်းကြောင်းထောက်ခံချက်မရှိ၍ တရုတ်တွင် နှစ်လကျော် သောင်တင်နေသည့်ဆန်တန်ချိန် ၅၀၀၀ ကို မြန်မာနိုင်ငံဘက်က ပြန်လည်သယ်ဆောင်စစ်ဆေးပြီးမှသာ တရုတ်ဝယ်ယူမည်ဟု မူဆယ် ၁၀၅ မိုင် ဆန်စပါးကုန်စည်ဒိုင်မှသိရသည်။ "ဆန်တွေကို တရုတ်ပြည် ကြယ်ဂေါင်ကနေ မြန်မာဘက်မူဆယ်ကိုပြန်သယ်ရမယ်။ စိုက်ပျိုးရေးဝန်ကြီးဌာနက ပြန်စစ်ပေးမယ်။ ကြယ်ဂေါင်က သူများနိုင်ငံဖြစ်နေတော့ သွားစစ်လို့မရဘူး။ အခုလက်ရှိ ပြန်သယ်နေပြီ။ အိတ်တစ်သိန်းနှစ်သောင်းမှာ နှစ်သောင်းလောက်တော့ ပြန်သယ်ပြီးပြီ။ ဒီဘက်မှာစစ် ၊ ပြီးမှတရုတ်ကိုပြန်ပို့ရမှာ။ သောင်တင်နေတာက ပြီးခဲ့တဲ့ မတ်လ ၂၃ ရက်ကတည်းကဆိုတော့ အခုဆိုရင် နှစ်လကျော်နေပြီ'' ဟု မူဆယ် ၁၀၅ မိုင် ဆန်စပါးကုန်စည်ဒိုင်၊ ဒုတိယဥက္ကဋ္ဌ ဦးမင်းသိန်းက မြန်မာတိုင်းမ်ကို ပြောသည်။ ဧပြီ ၃ ရက်က မူဆယ် ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ တရုတ်ပြည်၊ ကြယ်ဂေါင်မှတစ်ဆင့် ရွှေလီတင်ပို့မည့် ဆန်တန်ချိန် ၅၀၀၀ ကျော်(အိတ်ရေ တစ်သိန်းနှစ်သောင်းကျော်)သည် ရွှေလီအကောက်ခွန် စစ်ဆေးရေးဂိတ်တွင် မြန်မာအစိုးရ၊ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက် မပါဝင်သည့်အတွက် ရွှေလီသို့ ဝင်ခွင့်မပြုခဲ့ခြင်းဖြစ်သည်။ "နှစ်လကျော်လောက်ဖြစ်သွားပေမယ့် ဆန်တွေက တော့ရပါသေးတယ်။ ပြန်လည်သယ်ရတဲ့အတွက် စရိတ်ကတော့ တစ်အိတ်ကို တစ်ထောင်လောက်ပိုကုန်သွားမယ်'' ဟု ဦးမင်းသိန်းက ပြောသည်။

မြန်မာအစိုးရ၏ ပိုးမွှားကင်းစင်ကြောင်းထောက်ခံချက်(AQSIQ)မပါသောကြောင့် တရုတ်အစိုးရကလက်မခံ၍ ဆန်တန်ချိန် ၅,၀၀၀ ကျော် တရုတ်ပြည်ထဲတွင် နှစ်လကျော်ပိတ်မိကာ နစ်နာမှုများရှိနေခြင်းဖြစ်သည်။ စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ လာရောက်စစ်ဆေးကာ ပိုးမွှားကင်းစင်ကြောင်း ထောက်ခံချက်ထုတ်ပေးမည်ဖြစ်ပြီး ယင်းသို့ စိစစ်ပြီးမှသာ တရုတ်နိုင်ငံမှ ပြန်လည်လက်ခံမည်ဖြစ်သည်။ တရုတ်သို့ ဆန်တင်ပို့ရာတွင် ယခင်က ၁၀၅ မိုင်ကုန်သွယ်ရေးဇုန်မှ ထောက်ခံချက်ဖြင့် မရတော့ဘဲ နေပြည်တော် စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ ထောက်ခံချက်ကို တရုတ်ဘက်မှ တောင်းဆိုခဲ့ခြင်း ဖြစ်သည်။

ထိုသို့ဖြစ်ပေါ်နေမှုများကို စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ တစ်ဆင့်စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနသို့ မူဆယ် ၁၀၅ မိုင်ဆန်စပါးကုန်စည်ဒိုင်ကတင်ပြခဲ့သည်။ ယင်းဆန်တင်ပို့မှုသည် မြန်မာနှင့် တရုတ်ကုမ္ပဏီများအကြား တရားဝင်ရောင်းဝယ်၍ တင်ပို့ခြင်းဖြစ်ပြီး ဆန်ဝယ်ယူရန် တရုတ်ကုမ္ပဏီ ၃၀ ခန့်ကို ၂၀၂၀ ပြည့်နှစ်၊ ဇန်နဝါရီလတွင် တရုတ်အစိုးရက တရားဝင်လိုင်စင်ထုတ်ပေးထားသည်။

**Source:** https://myanmar.mmtimes.com/news/139539.html

## မင်းဘူး(စကု)မြို့နယ်၌ နှမ်းများ အထွက်နှုန်းလျော့နည်းနိုင်



မကွေးတိုင်းဒေသကြီး မင်းဘူး(စကု)မြို့နယ်တွင် နေ့အပူချိန်များပြင်းထန်ကာ မိုးရွာသွန်းမှု လိုအပ်ချက်များကြောင့် နှမ်းများအထွက်နှုန်း လျော့နည်းနိုင်ကြောင်း နှမ်းစိုက်တောင်သူများထံမှသိရသည်။ ယခု နွေရာသီကာလတွင် နှမ်းကို GAP နည်းစနစ်ဖြင့် စိုက်ဧက (၁၅၁၇၃သမ၄၁) စိုက်ပျိုးကာ စုစုပေါင်းနှမ်းစိုက်ဧက(၂၈၂၁၁)ဧက စိုက်ပျိုးနိုင်ခဲ့သည်။ " ကျွန်တော်တို့ဒေသက ဆည်ရေရရှိသလို မြေအောက်ရေလည်းရရှိတဲ့အတွက် နှစ်စဉ်နှမ်း/ နွေစပါးစိုက်ပျိုးကြပါတယ်။ ယခုရက်ပိုင်း မုန်တိုင်းကြောင့် မိုး(၂)ရက်လောက် ရွာသွန်းခဲ့ပေမယ့် ရေလိုအပ်ချက်ပြည့်မီအောင် မရွာတဲ့အတွက်

အဆင်မပြေပါဘူး။ ဒါပေမဲ့ နေ့စဉ်နှမ်းပင်တွေကို ရေဖြန်းပေးတဲ့အတွက် မြေအစိုဓာတ်ရရှိပြီး နှမ်းပင်တွေအပွင့်တွေ ပွင့်ကုန်ပါပြီ။ မိုးလိုနေတာကို မရွာဘဲ လေတိုက်ခတ်တာများနေတော့ အပွင့်တွေကြွေနေတယ်။ ခုလို အပွင့်တွေပွင့်ပြီး အသီးလိုက်ခါနီးမှာ မိုးလိုနေတာပါ။ မိုးလိုနေတဲ့အချိန် မိုးကမရွာဘဲ အပူချိန်တွေပြင်းနေတာကြောင့် နှမ်းအထွက်နှုန်း လျော့နည်းနိုင်ပါတယ်''ဟု မင်းဘူး(စကု)မြို့နယ် ကံကုလားကျေးရွာနေ နွေနှမ်းစိုက်တောင်သူ ကိုလှမင်းနိုင်က ပြောသည်။

ကျောက်စစ်ပုံကျေးရွာအုပ်စု၊ ကံကုလားကျေးရွာအုပ်စုနှင့် ကျောက်စံကျေးရွာအုပ်စုတို့သည် ဆည်ရေရရှိသောဒေသများဖြစ်ကာ နွေနှမ်းသီးနှံကို တစ်နှစ်လျှင်(၃သီး)စိုက်ပျိုးကြပြီး နွေကာလတွင် နွေနှမ်းသီးနှံ အဓိကစိုက်ပျိုးကြသည့်ဒေသများဖြစ်သည်။ "ကျွန်တော် နွေနှမ်းစိုက်ပျိုးလာခဲ့တာ (၅)နှစ်ရှိခဲ့ပါပြီ။ယခင်ကတော့ နွေကာလဆို ဆည်ရေရရှိတာကြောင့် နွေစပါးကို အဓိကစိုက်ခဲ့ကြပါတယ်။နောက်ပိုင်း နွေစပါးစိုက်ပျိုးတာထက် နွေနှမ်းစိုက်ပျိုးတာကပိုပြီး တွက်ခြေကိုက်တာကြောင့် နွေနှမ်းကိုဘဲ စိုက်ပျိုးလုပ်ကိုင်ခဲ့ပါတယ်။နေ့အပူချိန်တွေ ပြင်းတာကြောင့် နှမ်းခင်းတွေ ရေမပြတ်အောင် ရေဖြန်းရေသွင်းပေးနေရသလို နှမ်းခင်းတွေထဲ ရေမဝပ်အောင် ရေပူတွေမကျန်အောင် ဖောက်ထုတ်နေရတယ်။ရေဝပ်ရင် နှမ်းပင်အမြစ်တွေ ပုပ်ကုန်တတ်တဲ့အတွက် ဂရုစိုက်ပြီး ရေသွင်း/ရေထုတ်လုပ်နေရတယ်။ နှမ်းပင်တွေက မိုးလိုနေပြီး အပူချိန်ကပြင်းဆိုတော့ ဒီနှစ်နှမ်းပေါ်ရင် အထွက်လျော့နည်းနိုင်ပါတယ်''ဟု မင်းဘူး(စကု)မြို့နယ် ကျောက်စံကျေးရွာနေ နွေနှမ်းစိုက်တောင်သူ ဦးသန်းလွင်က ပြောသည်။

မင်းဘူး(စကု)မြို့နယ်တွင် အပူချိန်များပြင်းထန်နေကာ စိုက်ပျိုးထားသော နှမ်းပင်များ အပူလောင်ခြင်းမရှိစေရန် ရေဖြန်း/ရေသွင်းစနစ်များဆောင်ရွက်နေကြပြီး မိုးရွာသွန်းမှုလိုအပ်ချက်ကြောင့် သီးနှံထွက်ရှိချိန်တွင် အထွက်နှုန်းများ လျော့နည်းကျဆင်းမည်ကိုစိုးရိမ်မိကြောင်း နှမ်းစိုက်တောင်သူများထံမှသိရသည်။

**Source:** https://myanmar.mmtimes.com/news/139542.html

## မြန်မာ့မတ်ပဲတန်ချိန် လေးသိန်းကို သုံးလအတွင်းအပြီးတင်သွင်းရန် အိန္ဒိယအစိုးရသတ်မှတ်



မြန်မာတစ်နိုင်ငံတည်းကသာ တင်သွင်းနေသော ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ခွဲတမ်း မတ်ပဲတန်ချိန် ၄ သိန်း တင်သွင်းခွင့်ကာလကို တစ်နှစ်သတ်မှတ်ထားရာမှ ၃ လအတွင်းအပြီးတင်သွင်းရန် ပြောင်းလဲသတ်မှတ်ကြောင်း အိန္ဒိယအစိုးရက မေ ၂၂ ညတွင် ကြေညာခဲ့သည်။

အိန္ဒိယအစိုးရစီးပွားရေးနှင့် စက်မှုဝန်ကြီးဌာနအောက်ရှိ Department of Commerce Directorate General of Foreign Trade ၏ ကြေညာချက်အရ မတ်ပဲအား ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ခွဲတမ်း(Quota) စနစ်ဖြင့် တန်ချိန် ၄ သိန်းဝယ်ယူတင်သွင်းခွင့်ကို မူလက ၂၀၂၁ ခုနှစ်၊ မတ်လကုန်အထိ သတ်မှတ်ထားရာမှ ယခုအခါ ၂၀၂၀ ပြည့်နှစ်၊ဩဂုတ်လကုန်ထိ အိန္ဒိယဆိပ်ကမ်းအရောက် အပြီးတင်သွင်းရန် မူဝါဒပြောင်းလဲသတ်မှတ်လိုက်ခြင်းဖြစ်သည်။ ယင်းသည် မူလသတ်မှတ်ကာလထက် ၈ လရှေ့တိုး၍ ပြောင်းလဲသတ်မှတ်လိုက်ခြင်းဖြစ်သည်။ မူလက ၂၀၂၀ ပြည့်နှစ်၊ဧပြီလမှ ၂၀၂၁ ခုနှစ် မတ်လကုန်ထိ တစ်နှစ်သက်တမ်းရှိသော၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွက် ခွဲတမ်းစနစ်ဖြင့် မတ်ပဲတန်ချိန် ၄ သိန်းဝယ်ယူတင်သွင်းခွင့်ပြုကြောင်း ပြီးခဲ့သောမတ်လ ၁၉ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ ယခုတစ်လကျော်ကာလ တင်သွင်းခွင့်လိုင်စင်ချထားပေးရန် လုပ်ဆောင်စဉ်မှာပင် အိန္ဒိယအစိုးရက မူဝါဒပြောင်းလဲလိုက်ခြင်းဖြစ်သည်။ မူဝါဒပြောင်းလဲရာတွင်လည်း အကြောင်းပြချက်တစ်စုံတစ်ရာ ဖော်ပြထားခြင်းမရှိပေ။

အိန္ဒိယအစိုးရက မူဝါဒပြောင်းလဲလိုက်ခြင်းသည် ၄င်းနိုင်ငံအတွင်း လိုင်စင်ချပေးမည့် အိန္ဒိယကုမ္ပဏီများကို မြန်မြန်ဆန်ဆန်ပဲတင်သွင်းစေလိုခြင်း၊ အိန္ဒိယနိုင်ငံအတွင်း လာမည့်စက်တင်ဘာလတွင် ပဲထွက်ရှိမှုအပေါ် တောင်သူများထိခိုက် နစ်နာမှုမရှိစေရန် ပြည်ပမှပဲတင်သွင်းချိန်နှင့် တိုက်ဆိုင်မှုမရှိစေလိုခြင်းစသည်တို့ကြောင့်ဖြစ်နိုင်သော်လည်း မတ်ပဲတင်ပို့သည့်မြန်မာနိုင်ငံအတွက်နစ်နာမှုရှိသည်ဟု မြန်မာနိုင်ငံပဲ နှမ်းစိုက်ပျိုးထုတ်လုပ်သူများအသင်းအတွင်းရေးမှူး

ဦးမင်းကိုဦးက မြန်မာတိုင်းမ်ကိုပြောသည်။ ''အိန္ဒိယက ပဲနဲ့ပတ်သက်ရင် မူဝါဒအပြောင်းအလဲ အရမ်းမြန်နေတယ်။ အခုလက်ရှိ အနေအထားမှာ တစ်နှစ်လုံးစာပေးထားတဲ့ မတ်ပဲQuota(ခွဲတမ်း)ကို ၃ လအတွင်း အပြီးသွင်းရမယ်ဆိုတဲ့ ပုံစံချိုး လာတယ်။ အိန္ဒိယအစိုးရက သူ့ပြည်တွင်းအခြေအနေကိုသုံးသပ်ပြီး မူဝါဒကို အမျိုးမျိုး ပြောင်းနေပေမယ့် ကျွန်တော်တို့စိုက်ပျိုးတင်ပို့တဲ့ နိုင်ငံအတွက်တော့ နည်းနည်းအခက်အခဲဖြစ်တာတော့အမှန်ပဲ။ ပိုနစ်နာတယ်။ အခွင့်အရေးက သူတို့လက်ထဲ ကိုင်ထားသလို ဖြစ်နေတာ''ဟု ၎င်းကပြောသည်။

အိန္ဒိယအစိုးရက ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ကုန်တွင် မတ်ပဲလိုအပ်ချက်ကြောင့် တန်ချိန် ၂ သိန်းခွဲ ထပ်မံဝယ်ယူခဲ့ပြီး တင်သွင်းခွင့်ကာလကိုလည်း ၎င်းတို့လိုအပ်ချက်ကြောင့် တင်သွင်းမှုမပြည့်မချင်း အကြိမ်ကြိမ် သက်တမ်းတိုး ရွှေ့ဆိုင်းခဲ့သည်။ ယင်းတင်သွင်းမှုသည် ဧပြီလကုန်က ပြီးစီးခဲ့သည်။ လက်ရှိတွင် ၂၀၂၀-၂၀၂၁ ခုနှစ်အတွက် ပြည်ပမှ မတ်ပဲတင်သွင်းရန် လိုင်စင်ချပေးခြင်း လုပ်ဆောင်ချိန်ပင် ရှိသေးပြီး ပြင်ဆင်သည့်အနေအထားသာရှိသေးသည့် အခြေအနေဖြစ်ရာ မြန်မာနိုင်မှ မတ်ပဲဝယ်ယူသည့်အဆင့် မရောက်သေးသဖြင့် တင်သွင်းခွင့်မှာ ၃ လသာကျန်ရှိသည့်အခြေအနေဖြစ်သည်။ ထို့ပြင် မြန်မာနိုင်ငံအတွင်း မတ်ပဲလက်ကျန် အခြေအနေနှင့် မတ်ပဲထွက်ရှိချိန်ရာသီမှာ ၂၀၂၁ ခုနှစ် ၊ မတ်လမှသာ ဖြစ်သည့်အတွက် သတ်မှတ်ခွဲတမ်းကို လာမည့်သြဂုတ်လအတွင်း အပြီးတင်သွင်းနိုင်မည်မဟုတ်ကြောင်း မြန်မာနိုင်ငံပဲ နှမ်းစိုက်ပျိုးထုတ်လုပ်သူများအသင်း အတွင်းရေးမှူးက ပြောသည်။ ''သူတို့သတ်မှတ်တဲ့ သြဂုတ်လအတွင်း တန်ချိန်လေးသိန်းက မတင်သွင်းနိုင်ဘူး။၂၀၂၁ မတ်လကုန်အထိ ခွင့်ပြုမှသာ တင်သွင်းလို့ရမှာ။ လက်ရှိပြည်တွင်း မတ်ပဲလက်ကျန်က တန်ချိန် အများဆုံးကျန်ရင် တန်ချိန် ၂ သိန်းခွဲလောက်ပဲ မှန်းတယ်''ဟု ၎င်းကပြောသည်။

အိန္ဒိယအစိုးရ၏ မူဝါဒအမျိုးမျိုးပြောင်းလဲခြင်းကြောင့် မတ်ပဲတင်ပို့သော မြန်မာနိုင်ငံအတွက် မည်သည့် အကျိုးဆက်များ ဖြစ်လာနိုင်သည်ကို အချိန်ယူသုံးသပ်၍ လိုအပ်သည်များကို တောင်းဆိုခြင်း၊ ပြင်ဆင်ခြင်းများ လုပ်ဆောင်သွားမည်ဟု မြန်မာနိုင်ငံပဲနှမ်းစိုက်ပျိုးထုတ်လုပ်သူများအသင်းကဆိုသည်။ မြန်မာနိုင်ငံသည် ပြည်ပသို့မတ်ပဲတင်ပို့ရာတွင် ဈေးကွက်တစ်ခုတည်းရှိရာအိန္ဒိယကို မှီခိုအားထား၍တင်ပို့နေခြင်းဖြစ်ပြီး၊ နှစ်စဉ်ပဲထွက်ရာသီချိန် ဖေဖော်ဝါရီမတ်လများတွင် ထွက်ရှိလာသောပဲများကို ယခင်နှစ်လက်ကျန်ပမာဏနှင့်ပေါင်း၍ တင်ပို့နေခြင်းဖြစ်သည်။ ယခုအခါ အိန္ဒိယအစိုးရ၏ ယခုနှစ် မတ်ပဲတင်သွင်းခွင့်မူဝါဒအပြောင်းအလဲကြောင့် မြန်မာနိုင်ငံအနေဖြင့် ၂၀၂၁ ပြည့်နှစ်မတ်လတွင်ထွက်ရှိမည့် မတ်ပဲရာသီပေါ်ချိန်နှင့်ပတ်သက်၍ အိန္ဒိယအစိုးရ၏လာမည့် သြဂုတ်လကုန်အထိ မူဝါဒအပြောင်းအလဲအပေါ် စောင့်ကြည့်ရမည် ဖြစ်သည်။

အိန္ဒိယပြည်တွင်း ပဲထွက်နှုန်းကောင်း၍ ပြည်ပမှ တင်သွင်းမှုကို သက်တမ်းထပ်တိုးမပေးပါကမြန်မာနိုင်ငံသည် အောက်တိုဘာ၊နိုဝင်ဘာလမှသာ မတ်ပဲစိုက်ပျိုးမည်ဖြစ်ပြီး စိုက်ပျိုးမှုပမာဏကိုလျှော့ချရန် ကြေညာမည်ဖြစ်ကာ တောင်သူများကို လိုအပ်သည့်အသိပေးခြင်းများ လုပ်ဆောင်သွားမည်ဟု မြန်မာနိုင်ငံပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်သူများအသင်းကဆိုသည်။ တစ်ဖက်တွင် အိန္ဒိယအစိုးရက ပဲတင်သွင်းခွင့်ကာလအချိန် ကျုံ့လိုက်သည့်အတွက် အိန္ဒိယတွင် လက်ရှိဖြစ်နေသော ပဲဈေးနှုန်းနှင့် မြန်မာပြည်၌ဖြစ်နေသော ပဲဈေးနှုန်းအပေါ်အပြောင်းအလဲ ကြီးမားစွာမဖြစ်နိုင်ဘဲ ဝယ်ယူခြင်း၊တင်သွင်းခြင်း၊ ရောင်းချခြင်းလုပ်ငန်းစဉ်များမြန်ဆန်လာနိုင်သည်ဟု ဦးမင်းကိုဦးကသုံးသပ်သည်။ ''ဈေးနှုန်းအနေနဲ့ကြည့်ရင် အားလေး တစ်ခုတော့ဖြင့် ပိုရှိလာနိုင်တယ်။ ရောင်းဝယ်ဖောက်ကားမှုအားတော့ ပိုများလာမယ်။ ကိုဗစ်ကာလပဲဖြစ်ဖြစ် သူတို့ (အိန္ဒိယကုန်သည်) တကယ်ရောင်းဝယ်မှု အားပိုတည်ဆောက်ရတော့မယ်။ လိုင်စင်ရပြီဆိုရင် သူတို့ မြန်မြန်ဆန်ဆန် ဝယ်ရတော့မှာ။ အဲဒီလိုဝယ်ရတဲ့အတွက် နှစ်နိုင်ငံလုံးမှာ ဈေးနှုန်းအတက်အကျသိပ်များမှာ မဟုတ်ဘူး''ဟု ၎င်းကဆိုသည်။

မြန်မာနိုင်ငံ၏ မတ်ပဲစိုက်ပျိုးမှုသည် ယခင်က တစ်နှစ်လျှင် တန်ချိန် ၆ သိန်းကျော်ထွက်ရှိပြီး ယခုနောက်ပိုင်းတွင် တန်ချိန် လေးသိန်းဝန်းကျင်သာ ထွက်ရှိသည်။ ယင်းသည် ၂၀၁၇ ခုနှစ်မှစ၍ အိန္ဒိယအစိုးရ၏ ပဲတင်သွင်းခွင့်မူဝါဒအပြောင်းအလဲကြောင့် မြန်မာက မတ်ပဲစိုက်ပျိုးမှုကို လျှော့ချ၍ ပဲတီစိမ်းကို အစားထိုးစိုက်ပျိုးခဲ့ခြင်းကြောင့်ဖြစ်သည်။ မြန်မာဘက်က တောင်းဆိုမှုများကို အိန္ဒိယဘက်က လိုက်လျောခြင်းများရှိခဲ့သော်လည်း မူဝါဒအပြောင်းအလဲမြန်ဆန်သည့်အတွက် မိမိနိုင်ငံက တင်ပို့သူများ အတွက်လည်း သုံးသပ်ရန်ခက်ခဲနေသည်။

**Source:** https://myanmar.mmtimes.com/news/139533.html

## ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် လယ်ယာထွက်ကုန် ဒေါ်လာသန်း ၄၀၀ ကျော် ပိုမိုတင်ပို့ထား

COVID-19 ရောဂါဖြစ်နေချိန် နိုင်ငံခြားသို့ ဆန်၊ ပြောင်းဖူးစေ့အပါအဝင် လယ်ယာထွက်ကုန်တင်ပို့မှုသည် ပြီးခဲ့သည့် ဘဏ္ဍာနှစ်ကာလတူထက် အမေရိကန်ဒေါ်လာ သန်း ၄၀၀ ကျော် ပိုမိုတင်ပို့နိုင်သည်။ ၂၀၁၉-၂၀ ဘဏ္ဍာနှစ် ခုနစ်လကျော် အတွင်း နိုင်ငံခြားပို့ကုန် စုစုပေါင်း ဒေါ်လာ ၁၁ ဘီလီယံ ကျော်တွင် လယ်ယာထွက်ကုန် နိုင်ငံခြားတင်ပို့မှုက ဒေါ်လာ ၂ ဒသမ ၆ ဘီလီယံဖြင့် ဒုတိယအများဆုံးဖြစ်နေသည်။ သဘာဝ ဓာတ်ငွေ့၊ ချုပ်ပြီးအထည်များအ ပါအဝင် စက်မှုကုန်ချောတင်ပို့မှု အများဆုံးဖြစ်ပြီး ဒေါ်လာ ၅ ဒသမ ၈ ဘီလီယံ ရှိနေသည်။

ပို့ကုန်ပမာဏ တိုးတက်မှုကို ပြီးခဲ့သည့် ၂၀၁၈-၁၉ ဘဏ္ဍာနှစ် ခုနစ်လကျော်ကာလတူနှင့် နှိုင်းယှဉ်ပါက ဒေါ်လာ သန်း ၇၀၀ ပို များကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဦးခင်မောင်လွင်ကပြောသည်။ "ဆန်တင်ပို့နိုင်မှုက အ တော်ကို တိုးတက်လာတယ်"ဟု ဦးခင်မောင်လွင်က ဆိုသည်။ ပြည်ပသို့ ဆန်တင်ပို့နိုင်သည့် ပမာဏက တန်ချိန် ၁ ဒသမ ၈ သန်းနီးပါးရှိနေပြီး ကာလတူထက် တန်ချိန်လေးသိန်းခန့် ပိုတင်ပို့နိုင်သည်။ မြန်မာဆန်ဝယ်လိုအားက လည်း ပုံမှန်ဈေးကွက်များအပြင် အာဆီယံမှ မလေးရှား၊ အင်ဒိုနီးရှားနှင့် ဖိလစ်ပိုင်နိုင်ငံတို့က ဝယ်ယူလိုနေသည်ဟု ဦးခင်မောင် လွင်ကဆိုသည်။ ပြောင်းဖူးစေ့ ပြည်ပတင်ပို့မှုက တန်ချိန် ၁ ဒသမ ၇ သန်းကျော် ရှိနေကာ ပြီးခဲ့သည့်ဘဏ္ဍာနှစ် ကာလတူထက် တန်ချိန် ကိုးသိန်းကျော် ပိုမိုတင်ပို့ထားသည်။ ပင်လယ်ရေကြောင်းမှသာမက မြဝတီ၊ တာ ချီလိတ်စသော နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်းများမှလည်းပြောင်းဖူးစေ့တင်ပို့နေသည်။

**Source:** https://7day.news/detail?id=186920

## Hemp စမ်းသပ်စိုက်ပျိုးရန် ပြည်သူ့လွှတ်တော်ကော်မတီက ဝန်ကြီးဌာနနှင့်ညှိနှိုင်းမည်




စီးပွားဖြစ်ထုတ်ကုန် အမျိုးမျိုးထုတ်လုပ်နိုင်သော ဆေးခြောက်နွယ်ဝင် Hempကို စမ်းသပ်စိုက်ပျိုးရန်အတွက် ပြည်သူ့လွှတ်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ကျေးလက်လူမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာနနှင့် ညှိနှိုင်းမည်ဖြစ်ကြောင်းသိရသည်။

ပြည်သူ့လွှတ်တော်ကော်မတီက မြန်မာနိုင်ငံတွင် Hemp ကို တရားဝင်စိုက်ပျိုးနိုင်ရန် စီစဉ်လျက်ရှိပြီး လက်ရှိတွင် ဥပဒေမူကြမ်း ရေးဆွဲနေကြောင်း၊ ဥပဒေမထွက်မီ သုတေသနစိုက်ခင်းများ စမ်းသပ် စိုက်ပျိုးပါက ဥပဒေထွက်ရှိပြီးလျှင် အဆင်သင့်ဖြစ်နိုင်ကြောင်း အဆိုပါကော်မတီဥက္ကဋ္ဌ ဦးရန်လင်းက မြန်မာတောင်သူကြီးများ ဂျာနယ်ကို ပြောကြားထားသည်။ "အစိုးရစိုက်ပျိုးရေးဌာနကလည်း စိုက်မယ်၊ တောင်သူရော၊ ကုမ္ပဏီတွေရောပါပြီး စိုက်မယ် ဆိုရင် သုတေသနစိုက်ခင်းအဖြစ်လုပ်မယ်။ ရောင်းဖို့တော့မဟုတ်ပါဘူး။ အဲ့လိုစိုက်ပြီးတော့မှ ဘယ်နယ်က ဘယ်မျိုးနဲ့ သင့်တော်တယ်ဆိုတာမျိုး စမ်းသပ်စိုက်မလို့လေ။ အဲ့ဒါ စမ်းသပ်စိုက်ပျိုးပြီးတာနဲ့ ဥပဒေထွက်လာတာနဲ့အကိုက်ဖြစ်မှာပေ့ါ။ ဥပဒေထွက်မှ စမ်းသပ်စိုက်ပျိုးဆိုရင် စောင့်ရဦးမှာလေ"ဟု ဦးရန်လင်းကပြောသည်။

လက်ရှိကျင်းပနေသည့် လွှတ်တော်အစည်းအဝေးကာလအတွင်း Hemp စိုက်ပျိုးနိုင်ရန် ညှိနှိုင်းဆွေးနွေးသွားမည်ဖြစ်ကြောင်း ၎င်းကပြောသည်။ "ဒီလွှတ်တော်က နှစ်ပတ်တည်းကြာမှာဆိုတော့ တော်တော်လုပ်ယူရမယ်။ ဆွေးနွေးပွဲတွေ နှစ်ပတ်အတွင်းလုပ်မယ်။ မိုးဦးကျပြီး ဇွန်လအကုန်ဆို စမ်းသပ်စိုက်မယ်လို့လျာထားပါတယ်။ စိုက်ပျိုးရေးဌာနနဲ့ ညှိရဦးမှာပါ။ သူတို့က မျိုးဝယ်ရဦးမယ် ဘာညာဆိုရင် ဇူလိုင်လလောက်ရောက်သွားမှာပေ့ါ။ ဒီနှစ်လယ်လောက်မှာ ဖြစ်အောင်လို့ စမ်းသပ်စိုက်ပျိုးမယ်လို့ မှန်းထားပါတယ်" ဟုဦးရန်လင်းကပြောသည်။ Myanmar Hemp Association၏ အဆိုအရ တောင်တန်းဒေသများတွင် Hemp ကို တစ်နှစ်လျှင် သုံးကြိမ် စိုက်ပျိုးနိုင်ပြီး မြေပြန့်နှင့်မြစ်ဝကျွန်းပေါ်ဒေသများတွင် ရေမဝပ်သည့်နေရာများတွင် သုံးကြိမ်နှင့် ရေဝပ်သည့်နေရာများတွင် မိုးရာသီတွင် စိုက်ပျိုးနိုင်မည်မဟုတ်ကြောင်း၊ မြန်မာနိုင်ငံ၏

Hemp ဒေသမျိုးစိတ်များကို ကချင်၊ရှမ်းနှင့် ချင်းပြည်နယ်တို့တွင် အများဆုံးတွေ့ရကြောင်း သိရသည်။

**Source: မြန်မာတောင်သူကြီးများ ဂျာနယ်**

https://www.facebook.com/myanmaawba/?ref=page_internal

## လောကနန္ဒာလျှပ်စစ်မြစ်ရေတင်စီမံကိန်းဖြင့်စိုက်ပျိုးသည့် စိန်တလုံးသရက်များ အောင်မြင်ဖြစ်ထွန်း



မန္တလေးတိုင်းဒေသကြီး ပုဂံမြို့သစ်အနီး လောကနန္ဒာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းဖြင့် ရေသွင်းစိုက်ပျိုးထားသည့် စိန်တလုံးသရက်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သရက်စိုက်ပျိုးသူများထံမှသိရသည်။ လောကနန္ဒာ လျှပ်စစ်မြစ်ရေတင် စီမံကိန်းစတင်သည့် ၂၀၀၆ ခုနှစ်များတွင် တောင်သူများအား မြစ်ရေတင်စီမံကိန်းမှရေဖြင့် မိုးစပါး၊ နွေစပါး၊ ဆောင်းမြေပဲများကို အဓိကထား စိုက်ပျိုးခဲ့ရာမှ ၂၀၁၃ ခုနှစ်မှစတင်ကာ ကြိုက်နှစ်သက်ရာအပင်များ စိုက်ပျိုးခွင့်ပြုခဲ့ခြင်းဖြစ်ကြောင်း၊ ထိုအချိန်မှစ၍ စိန်တလုံးသရက်ပင် တစ်မျိုးတည်းကိုသာ စိုက်ပျိုးလာခဲ့ခြင်းပြီး အခြားသီးနှံစိုက်ပျိုးခြင်းထက်များစွာ ဝင်ငွေကောင်းကြောင်း ပုဂံမြို့သစ် ရွှေတွင်းရွာမှ စိန်တလုံး သရက်စိုက်သူ ဦးတင်ရှိန်ကပြောကြားသည်။

ဓာတုဆေးဝါးနှင့်ဓာတ်မြေသြဇာများအသုံးပြုထားခြင်းမရှိဘဲ ရေသွင်း၍သဘာဝအတိုင်းစိုက်ပျိုးထားသည့် အော်ဂဲနစ်အသီး စစ်စစ်ဖြစ်ခြင်း၊ အလုံး လုပခြင်းတို့ကြောင့် သုံးလုံး ကျပ် ၁၀၀၀ နှုန်းဖြင့် ပုဂံညောင်ဦးဒေသတွင်းမှ သရက်သီး ကုန်သည်များ၊ စားသောက်ဆိုင်များမှ ခြံအရောက်လာရောက်ဝယ်ယူလေ့ရှိကြောင်း၊ မန္တလေး၊ ရန်ကုန်၊ ပြင်ဦးလွင်နှင့် နေပြည်တော်ချီမြို့များအထိ တင်ပို့ရောင်းချရလျက်ရှိကြောင်းနှင့် သရက်ပင်တစ်ပင်လျှင်ပျမ်းမျှ ကျပ် ၁၅၀၀၀ ခန့်ရရှိကြောင်း ၎င်းကဆက်လက်ပြောကြားသည်။

မြစ်ရေတင်စီမံကိန်းဖြင့် စိုက်ပျိုးသည့်တောင်သူများအနေဖြင့် စိန်တလုံးသရက်စိုက်ခင်းများကို ၁၅ ရက်လျှင် တစ်ကြိမ် ရေသွင်းပေးရကြောင်း၊ အပွင့်စတင်ဖူးပွင့်သည့်အချိန်မှစ၍ အသီးဆွတ်ခူးပြီးချိန်ထိ ရေသွင်းခြင်းရပ်နားထားရကြောင်း၊ စိုက်ပျိုးရာသီ တစ်ရာသီလျှင် ရေသွင်းခ ကျပ် ၃၀၀၀ သာပေးဆောင်ရကြောင်း၊ နှစ်ရှည်ပင်ဖြစ်သည့်အားလျော်စွာ စိုက်ပျိုးစရိတ်ထက် အသီးရောင်းချရငွေက ပိုများသဖြင့် တောင်သူများအတွက် ဝင်ငွေကောင်းပြီး တွက်ခြေ ကိုက်လျက် ရှိကြောင်း သရက်စိုက်တောင်သူ ကိုမင်းစိန်ကပြောကြားသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## ဝန်းသိုဒေသထွက် မြေအိုးများ အရောင်းအဝယ်ကောင်းလျက်ရှိ



စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင် ဝန်းသိုမြို့နယ် ကင်းမြင်သာ စံပြကျေးရွာသည် အဓိကအိုးလုပ်ငန်းဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသည်။ အိုးလုပ်ငန်းကို ရှေးယခင်ကတည်းက မိရိုးဖလာလုပ်ငန်းအနေဖြင့် လုပ်ကိုင်လာကြပြီး ယခုအခါ စီးပွားရေးလုပ်ငန်းအဖြစ် တွင်တွင်ကျယ်ကျယ် လုပ်ကိုင်လျက်ရှိပါသည်။ "အိုးလုပ်ငန်းအတွက် လိုအပ်သောမြေများကို ကင်းမြင်သာ စံပြကျေးရွာနှင့် (၂)မိုင်ခန့်ကွာဝေးသော ဒုံးတုတ်ချောင်းအတွင်းရှိ မိမိတို့ပိုင်ယာခင်းထဲမှ မြေများကိုတူးယူရပါတယ်။ အိုးပြုလုပ်ရန်အတွက် မြေမှာ မြေဝါနှင့် အင်းမြေ (မြေမဲ)ဟူ၍ နှစ်မျိုးရှိပါတယ်။ မြေဝါတူးရာတွင် သာမန်ရိုးကျတူးယူ၍မရဘဲ ရွှေကြောတူးသကဲ့သို့တူးယူရပါတယ်။ အင်းထဲ၌ရှိသော အင်းမြေများကို အပေါ်မြေများဖယ်၍ လိုအပ်သည့်မြေကို တူးယူရပါတယ်။ တူးယူပြီးသောမြေများကိုအခြောက်ခံ၍ မြေဝါများကို မောင်းဖြင့်ထောင်းရပြီး မြေမှုန့်အဖြစ် ဇကာချထားရပါတယ်။ အင်းမြေများကို တူဖြင့်ထုကာ အိုးများဖြင့် သီးသန့်စိမ်းထားရပါတယ်။ အင်းမြေများနပ်လာပါက မြေဝါနှင့်ရော၍ ခြေဖြင့်နင်းယူရပါတယ်။ မြေသားများ အိုးပြုလုပ်ရန်အတွက် အတိုင်းအတာရရှိလာပါက အိုးထွင်သူတစ်ယောက်နှင့် အိုးစက်လှည့်သူတစ်ယောက်ဖြင့် အိုးထွင်ရပါတယ်။

ထို့နောက် အိုးပုံစံအမျိုးမျိုးရရှိလာပါက အိုးများ ဖန့်အောင်နေလှန်း၍ အိုးတိုက်ထဲတွင် မှောက်ထားပြီး ရေစစ်ထားရပါတယ်။ ရေစစ်ထားသောအိုးများကို အိုးပုံသဏ္ဍာန်ဖြစ်အောင်လုံးရပါတယ်။ ၎င်းနောက် အိုးကိုပြန်ဆွပြီး အိုးချောဖြစ်အောင် ပြန်လည်ရိုက်ရပါတယ်။ ရိုက်၍ရသောအိုးများကို နေပူချိန်ပြင်းပြင်းမှာ အနည်းဆုံး ၆:၀၀ နာရီမှ ၈:၀၀ နာရီထိ နေလှန်ထားရပါတယ်။ အိုးတစ်ဖိုတွင် အိုး ၅၀ ခန့်ဖုတ်ရပါတယ်။ အိုးဖုတ်တဲ့အခါ အိုး၏အောက်ခံဖြင့် စပါးခွံဖွဲများကို ခပ်ထူထူခင်းပြီး စပါးခွံပေါ်မှ အိုးများကိုမှောက်စီထားကာ စွန့်ပစ်အိုးကြွမ်းများကို အိုးမပေါက်သွားအောင် တင်ထားရပါတယ်။ ထို့နောက် ကောက်ရိုးကို အပေါ်မှထပ်တင်ပြီး ညီညာမှုရှိပြီးဆိုရင် စပါးခွံဖွဲများကို ခပ်ထူထူလေးပြန်တင်ရပါတယ်။ မိမိစိတ်တိုင်းကျတော့မှ မီးစတင်ရှို့ရပါတယ်။ ညနေ ၃:၀၀ နာရီမှ မီးစတင်ရှို့ပြီး နောက်နေ့ နေ့လည် ၁ နာရီဆို အိုးအဖြစ်သို့ရောက်ရှိသွားပါပြီး”ဟု ကင်းမြင်သာစံပြကျေးရွာမှ ဦးကျော်အေးကပြောပြသည်။

ထို့နောက် အိုးအကြီးကို ငွေကျပ် ၁၀၀၀၊ အိုးအသေးကို ငွေကျပ် ၈၀၀ မှ ၆၀၀ ကျပ်ဖြင့် လက်ကားဈေးပေးရပါသည်။ ဝန်းသိုမြို့နယ် ကင်းမြင်သာစံပြကျေးရွာမှ ထွက်ရှိသောအိုးများမှာ ဘုရားပန်းအိုး၊ သောက်ရေအိုး၊ အစားအစာပေါင်းအိုး၊ ထန်းရေခံမြေအိုးများဖြစ်ပြီး ၎င်းအိုးများကိုမြန်မာပြည်အထက်ပိုင်း မိုးညှင်း၊ မိုးကောင်း၊ မြစ်ကြီးနား၊ ကချင်ပြည်နယ် ဖားကန့်နှင့် မြန်မာပြည်အောက်ပိုင်းအနေဖြင့် ပင်လည်ဘူး၊ ကောလင်း၊ ကန့်ဘလူ၊ ရွှေဘို၊ မန္တလေးမြို့များအထိ ကျယ်ကျယ်ပြန့်ပြန့် ရောင်းချလျှက်ရှိကြောင်းသိရသည်။

**Source:** https://www.facebook.com/TheMirrorDaily/

## မကွေးတိုင်းအတွင်းရှိ စက်ရုံ၊ အလုပ်ရုံ ၁၀၀၀ ကျော်ကို ပြန်လည်ဖွင့်လှစ်ခွင့်ပြု

မကွေးတိုင်းဒေသကြီး၌ COVID-19 ရောဂါဖြစ်ပွားနေစဉ်ကာလအတွင်း ပိတ်ထားခဲ့သော စက်ရုံ၊ အလုပ်ရုံများ အနက်မှ လုပ်ငန်းပေါင်း ၁၀၀၀ ကျော်ကို ပြန်လည်ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်း တိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှ တိုင်းဦးစီးမှူး ဒေါ်မြင့်မြင့်သိန်းကပြောသည်။ အဆိုပါတိုင်းဒေသကြီးအတွင်း ခေတ္တပိတ်ထားခဲ့သည့် စက်ရုံ၊ အလုပ်ရုံပေါင်း ၄၀၀၀ ခန့်ရှိကြောင်းသိရသည်။ ထိုစက်ရုံ၊ အလုပ်ရုံများကို ကပ်ရောဂါထိန်းချုပ်ကာကွယ်ရေးအတွင်း ယာယီပိတ်သိမ်းခဲ့ခြင်းဖြစ်ကာ မေ ၂၂ ရက်မှစတင်၍ အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနမှထုတ်ပြန်သည့် ညွှန်ကြားချက်နှင့်အညီ လိုက်နာမှုရှိသော စက်ရုံ၊ အလုပ်ရုံနှင့် လုပ်ငန်းများကိုသာ ပြန်လည် ဖွင့်လှစ်ခွင့်ပြုခဲ့ကြောင်းသိရသည်။ "မကွေးတိုင်းဒေသကြီးအတွင်းရှိ စက်ရုံ၊ အလုပ်ရုံတွေနဲ့ ဟိုတယ်တွေ၊ ကုန်တိုက်တွေ အပါအဝင် လုပ်ငန်းပေါင်း ၁၀၀၀ ကျော်ကို တိုင်း၊ ခရိုင်၊ မြို့နယ်အလိုက် အဖွဲ့တွေဖွဲ့ကာ စစ်ဆေးမှုတွေပြုလုပ်ပြီး ပြန်လည်လုပ်ကိုင် ခွင့်ပြုထားပါတယ်။ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ဌာနဆိုင်ရာတွေပူးပေါင်းပြီး ပထမအဆင့်ကို ခရိုင်အလိုက် အားကစားနှင့် ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ ညွှန်ကြားချက်တွေ လိုက်နာမှုရှိ၊ မရှိ စစ်ဆေးခဲ့တယ်။ မကွေးတိုင်းအတွင်း စက်ရုံ၊ အလုပ်ရုံတွေနဲ့ လုပ်ငန်းတွေ များပြားတဲ့အတွက် နောက်ပိုင်းမှာ မြို့နယ်အလိုက်စစ်ဆေးရေးအဖွဲ့တွေဖွဲ့ပြီး စစ်ဆေးတာတွေ ပြုလုပ်ခဲ့တယ်။ သတ်မှတ်ချက်တွေနဲ့ ကိုက်ညီမှုရှိတဲ့ စက်ရုံ၊ အလုပ်ရုံတွေနဲ့ လုပ်ငန်းပေါင်း ၁၀၀၀ ကျော်ကို ပြန်လည်ပတ်ခွင့်ပြုလိုက်တာဖြစ်ပါတယ်" ဟု တိုင်းဦးစီးမှူးဒေါ်မြင့်မြင့်သိန်းကပြောသည်။

မကွေးတိုင်းဒေသကြီးအတွင်း စက်မှုလုပ်ငန်းနှင့်ပတ်သက်၍ မှတ်ပုံတင်ထားသော စက်ရုံ၊ အလုပ်ရုံများနှင့် အလုပ်အကိုင်လုပ်ငန်းပေါင်း ၄၀၀၀ ကျော်ရှိကြောင်း သိရသည်။ COVID-19 ကပ်ရောဂါဆိုးကြီးဖြစ်ပွားနေသဖြင့် အဆိုပါစက်ရုံ၊ အလုပ်ရုံများနှင့် အလုပ်အကိုင်လုပ်ငန်းများကို တိုင်းဒေသကြီးအစိုးရမှ ကပ်ရောဂါကာကွယ်ထိန်းချုပ်ရေးအတွက် ယာယီပိတ်ထားရခြင်းဖြစ်ကြောင်း မကွေးတိုင်းဒေသကြီးစက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနကဆိုသည်။

**Source:** https://myanmar.mmtimes.com/news/139560.html

## မြန်မာနိုင်ငံတော် ဗဟိုဘဏ် က ၂ ရက် အတွင်းအမေရိကန်ဒေါ်လာ ၄ ဒသမ ၅ သန်း ကို ဈေးပြိုင်လေလံဖြင့် ဝယ်ယူ

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် မေ၂၁ ရက်မှ ၂၂ ရက် တွင် ၂ ရက်အတွင်း အမေရိကန်ဒေါ်လာ ၄ ဒသမ ၅ သန်း အား နိုင်ငံခြားငွေ ဈေးပြိုင်လေလံဖြင့် ဝယ်ယူခဲ့ကြောင်း မြန်မာနိုင်ငံတော် ဗဟိုဘဏ် ၏ ထုတ်ပြန်ချက်အရသိရသည်။ နေပြည်တော်စည်ပင်ဘဏ်ဥက္ကဋ္ဌ ဦးရဲမင်းဦး က "ဗဟိုဘဏ်ရဲ့ လက်ရှိဆောင်ရွက်ချက်က အလွန်အကျွံ အတက်အကျ မဖြစ်အောင် ဂျမ်းတုံးလေးတွေ ခုပေးတဲ့သဘောပဲ။ ဗဟိုဘဏ်က ဈေးကွက်တည်ငြိမ်မှုကို အဓိက ဆောင်ရွက်တာဖြစ်တယ်။ ရုတ်တရက်ကြီး ဈေးတက်တာ၊ ကျတာမရှိအောင် ဆောင်ရွက်ပေးတဲ့သဘောပါပဲ" ဟုဆင်ဟွာကို မေ ၂၂ ရက်တွင် ပြောသည်။ ကမ္ဘောဇဘဏ်၏ အကြီးတန်းအကြံပေး ဦးသန်းလွင်က "ဗဟိုဘဏ်က ဒေါ်လာကို အခုလိုဝယ်တာ ကောင်းပါတယ်။ ငွေဈေးကွက်ကို ထိန်းကျောင်းပေးတဲ့သဘောပါပဲ ဟုဆင်ဟွာသို့ပြောသည်။

မေ ၂၁ ရက်တွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က အမေရိကန်ဒေါ်လာ ၃ သန်း ကို နိုင်ငံခြားငွေ ဈေးပြိုင်လေလံဖြင့် ဝယ်ယူခဲ့ကာ လေလံအတွက်ပျမ်းမျှငွေလဲလှယ်နှုန်းမှာ တစ်ဒေါ်လာလျှင် ၁၄၀၇ ဒသမ ၄ ကျပ်ဖြစ်ကြောင်း၊ မေ ၂၂ ရက်တွင် အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ သန်းကို ဈေးပြိုင်လေလံဖြင့်ဝယ်ယူခဲ့ကာ လေလံအတွက် ပျမ်းမျှငွေ လဲလှယ်နှုန်းမှာ တစ်ဒေါ်လာလျှင် ၁၄၀၆ ဒသမ ၈ ကျပ်ဖြစ်ကြောင်းသိရသည်။ စီးပွားရေးအကြံပေးတစ်ဦးဖြစ်သူ ကိုစိုင်း က "ဗဟိုဘဏ်က ဝယ်ပေးတဲ့ အတွက် အကျ ကို ထိန်းပေးတဲ့ သဘောဖြစ်သွားတယ်။ အမေရိကန်ဒေါ်လာ ဈေးက ၁၄၀၀ ဝန်းကျင်မှာပဲ အတက်အကျဖြစ်နိုင်မယ် လို့ ခန့်မှန်းရပါတယ်" ဟုပြောသည်။ မေ ၂၂ ရက် တွင် ပြင်ပငွေလဲစင်တာတစ်ချို့တွင် အမေရိကန်တစ်ဒေါ်လာ ကို မြန်မာငွေ ၁၄၀၈ ကျပ်ပေါက်ဈေးရှိသည်။

**Source: Xinhua Myanmar**

https://news.ydnp.net/347775/

## ဂျပန်၏ ပထမသုံးလပတ်ကာလ GDP ကျဆင်းခဲ့ကြောင်း အစိုးရအဖွဲ့ပြောကြား

ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါပြန့်ပွားနေမှုဂယက်သည် ဂျပန်နိုင်ငံ၏စီးပွားရေးအပေါ် ကြီးမားသည့်ထိခိုက်မှု ဆက်လက်ဖြစ်ပွားနေပြီး ဇန်နဝါရီလမှမတ်လအထိ သုံးလပတ်ကာလအတွက် GDP သည်လည်း ကျဆင်းခဲ့ကြောင်းသိရပါသည်။ အဆိုပါကိစ္စနှင့် ပတ်သက်၍ ဂျပန်နိုင်ငံ၏ ပြည်တွင်းအသားတင်ထုတ်ကုန်တန်ဖိုး GDP သည် လေးပုံနှစ်ပုံခန့်ဆက်တိုက် ကျဆင်းသွားခဲ့ပြီးနောက် ကိုရိုနာဗိုင်းရပ်စ် ကပ်ရောဂါ၏ဂယက်ရိုက်မှုကြောင့် နိုင်ငံ၏စီးပွားရေးအခြေအနေ ပိုမိုဆိုးရွားလာနိုင်ကြောင်း ဂျပန်နိုင်ငံ၊ စီးပွားရေးပြန်လည် အားကောင်းလာစေရေးဆိုင်ရာ ဝန်ကြီး Mr. Nishimura Yasutoshi က မေလ ၁၈ ရက်နေ့ က ခန့်မှန်းပြောကြားလိုက်ပါသည်။

အဆိုပါ သုံးလပတ်ကာလအတွက် GDP သည် လွန်ခဲ့သည့်နှစ်၏ သုံးလပတ်ကာလ နှင့် နှိုင်းယှဉ်ကြည့်ပါက တစ်နှစ်စာ ပျမ်းမျှတန်ဖိုး၏ ၃.၄ % ခန့် ကျဆင်းခဲ့ကြောင်း၊ ဂျပန် နိုင်ငံ၏ GDP ၏ ထက်ဝက်ကျော် ပမာဏအထိရှိသည့် တစ်ဦးချင်းသုံးစွဲမှု ပမာဏသည် လည်း ၀.၇ % ကျဆင်းခဲ့ကြောင်းသိရပါသည်။ အရေးပေါ်ကြေငြာချက်ထုတ်ပြန်ထားသဖြင့် ပြည်သူများနေအိမ်ပြင်ပတွင် စားသောက်ခြင်းများ၊ အလည်အပတ်သွားရောက်ခြင်းများ လျော့ကျလာခဲ့ခြင်းဖြစ်ပြီး အလားတူ မော်တော်ကားအရောင်းသည်လည်း သိသိသာသာကျဆင်းလာခဲ့ကြောင်း ၊ ကိုရိုနာဗိုင်းရပ်စ် ကူးစက်ပြန့်ပွားမှုကိုထိန်းချုပ်ရန် ကြိုးပမ်းခြင်းကြောင့် စီးပွားရေးလုပ်ငန်းပိုင်း လုပ်ကိုင်ဆောင်ရွက်မှုများကို အကန့်အသတ်ဖြင့် ထိန်းချုပ်ဆောင်ရွက်နေရသည့်အတွက် သက်ရောက်မှုများကြီးမားနိုင်ကြောင်း၊ နိုင်ငံတွင်း အရေးပေါ်အခြေအနေ ကြေငြာပြီးနောက်ပိုင်း ဧပြီလနှင့်မေလတို့၏ စီးပွားရေးဆိုင်ရာ ကိန်းဂဏန်းများ ကျဆင်းနိုင်ခြေရှိပါကြောင်း ၎င်းကဆိုပါသည်။

ကမ္ဘာ့နိုင်ငံအများစုတွင် စီးပွားရေး လုပ်ငန်းများ ထိုင်းမှိုင်းနေခြင်းကြောင့် ပြည်ပ ပို့ကုန်ကဏ္ဍသည်လည်း ၆ % ကျဆင်းသွားခဲ့ပါကြောင်း၊ အိမ်ရာဝယ်ယူ ရင်းနှီးမြှုပ်နှံမှု သည် ၄.၅ % ကျဆင်းခဲ့ပြီး ကုမ္ပဏီများတွင်ရင်းနှီးမြှုပ်နှံမှုသည်လည်း ၀.၅ % ကျဆင်းခဲ့ကြောင်းသိရပါသည်။ ဧပြီလကနေ ဇွန်လအထိ နောက်သုံးလပတ်ကာလတွင်လည်း ကပ်ရောဂါ

သက်ရောက်မှုကြောင့် စီးပွားရေးဆက်လက်ထိခိုက်နိုင်မည်ဖြစ်ကြောင်း စီးပွားရေးကျွမ်းကျင်ပညာရှင်များက သုံးသပ်ကြပါသည်။

အခြားသောကမ္ဘာ့နိုင်ငံများအနေဖြင့်လည်း ကိုရိုနာကူးစက်ရောဂါဒဏ်ကို ဆက်လက်ခံစားနေကြရသည့်အတွက် စီးပွားရေးများ ဆက်တိုက်ကျဆင်းလာနိုင်မည်ဖြစ်ကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့်လည်း ဒုတိယအကြိမ်ထပ်ဆောင်း ဘတ်ဂျက်တွင် စီပွားရေးနာလန်ထူရေး အရန်စီမံချက်များ ထည့်သွင်းစီစဉ်ထားပါကြောင်း၊ စီးပွားရေးလုပ်ငန်းများ၊ အလုပ်အကိုင်များ၊ ပြည်သူများ၏ လူနေမှုဘဝများကို အကာအကွယ်ပေးမည့် မူဘောင်တစ်ရပ်ကို ဖော်ဆောင်လိုပါကြောင်း၊ ကပ်ရောဂါသက်ရောက်မှုကြောင့် စီးပွားရေးဆက်လက်ကျဆင်းနိုင်မည်ဟု သုံးသပ်ရသဖြင့် ပြည်သူများကလည်း စိုးရိမ်ပူပန်နေကြသည့်အတွက် ဂျပန်နိုင်ငံ၏ စီးပွားရေးကိုကယ်တင်နိုင်မည့် ဆောင်ရွက်ချက်များကို အလေးထားဆောင်ရွက်သင့်ပါကြောင်း ဝန်ကြီး Mr. Nishimura ကပြောကြားခဲ့ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဂျပန်**

## Coronavirus ၏ရိုက်ခတ်မှုကြောင့် အာရှဒေသရှိအထည်ချုပ်လုပ်ငန်းများနှင့် သက်ဆိုင်ရာဝန်ထမ်းများအပေါ် ထိခိုက်မှုအခြေအနေ

ကမ္ဘာ့တစ်ဝှမ်းတွင် Coronavirus ကူးစက်ရောဂါဖြစ်ပွားမှုကြောင့် ဗြိတိန်အခြေစိုက် Next Plc ကုမ္ပဏီသည် အမှာစာများကိုရပ်ဆိုင်းသဖြင့် ယင်း၏ မြန်မာနိုင်ငံရှိ အရွေးထည်များ ထုတ်လုပ်သောအထည်ချုပ်စက်ရုံကို ပိတ်လိုက်ရကြောင်း၊ ဗြိတိန်နိုင်ငံတွင်လည်း ယင်း၏ လက်လီ အရောင်းဆိုင်များကို ယာယီရပ်ဆိုင်းထားကြောင်း၊ အကျိုးဆက်အဖြစ် မြန်မာနိုင်ငံရှိ အထည်ချုပ်စက်ရုံဝန်ထမ်းများမှာ အလုပ်လက်မဲ့ဖြစ်ပြီး ဝင်ငွေမရှိသည့်အတွက် ရှိစုမဲ့စုလက်ဝတ်လက်စားများကိုရသည့်ဈေးဖြင့် ပေါင်နှံရောင်းချရသည့်အခြေအနေကို ရောက်ရှိနေကြောင်း၊ ထို့ပြင် ထိုသူများကို မှီခိုနေရသည့်မိသားစုဝင်များလည်း ဒုက္ခရောက်ကြရကြောင်းဖော်ပြ၍ (၂၀-၅-၂၀၂၀) ရက်နေ့ထုတ် The Korea Times သတင်းစာတွင် “My dreams shattered: Coronavirus crushes Asia’s garment industry” ခေါင်းစဉ်ဖြင့် ဖော်ပြထားပါသည်။

အဆိုပါသတင်းတွင် ၁၉၆၀ ခုနှစ် ဝန်းကျင်မှစ၍ အာရှဒေသသည် ကမ္ဘာ့အထည်ချုပ် လုပ်ငန်းများ တွင်ကျယ်စွာအခြေချသည့်ဒေသအဖြစ် ထင်ရှားလာခဲ့ပြီး၊ အပြည်ပြည်ဆိုင်ရာအလုပ် သမားအဖွဲ့အစည်း(International Labor Organization-ILO) ၏စာရင်းများအရ နှစ်စဉ်ဥရောပဒေသ၊ အမေရိကန်ပြည်ထောင်စုနှင့် အာရှဒေသရှိ ကြွယ်ဝသောအချို့နိုင်ငံများသို့ အဝတ်အထည်၊ ဖိနပ်နှင့် အိတ် စသည်တို့အား နှစ်စဉ်တန်ဖိုး အမေရိကန်ဒေါ်လာ(၆၇၀)ဘီလီယံခန့် တင်ပို့နိုင်လျက် ရှိကြောင်း၊ Coronavirus ကမ္ဘာ့ကပ်ရောဂါကြောင့်လူများသည် အိမ်တွင်သာနေထိုင်ကြရပြီး၊ အရေးမကြီးသည့် အရောင်းဆိုင်များကို ပိတ်ထားရသည့်အချိန်တွင် ASOS Plc၊ New Look ကဲ့သို့ International Retailers အနေဖြင့် အထည်ချုပ် စက်ရုံများမှ အမှာစာများကို ပယ်ဖျက်ခဲ့ကြကြောင်း ဖော်ပြထားပါသည်။

ထို့ကြောင့် မြန်မာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ရှိ အထည်ချုပ်စက်ရုံပိုင်ရှင်များအနေဖြင့် ၎င်းတို့၏စက်ရုံများကို ချက်ချင်းပိတ်လိုက်ပြီး၊ အဆိုပါစက်ရုံများမှ ဝန်ထမ်းပေါင်း မြောက်မြားစွာတို့ကို အချို့အလုပ်ရှင်များက လစာအနည်းငယ်ပေး၍လည်းကောင်း၊ အချို့က မပေးဘဲလည်းကောင်း အလုပ်ရပ်စဲကာ နေရပ်သို့ပြန်လွှတ်ကြသည်ဟု သိရှိရကြောင်း၊ လက်လီဖြန့်ချီရောင်းချသူများအနေဖြင့် အမှာစာများကို သုံးလကြိုတင်၍မှာယူလေ့ရှိပြီး၊ ငွေပေးချေမှုကိုမူ ကုန်စည်များရောက်ရှိအပ်နှံပြီးမှသာ ပေးချေလေ့ရှိကြကြောင်း၊ သို့ဖြစ်၍ ယခုကဲ့သို့ အခြေ အနေမျိုးတွင် ကုန်ပစ္စည်းမှာယူသူအများစုက မှာယူထားသည့် ပစ္စည်းအမှာစာများ အားလုံးကိုပယ်ဖျက်ခဲ့ကြသည့်အတွက် လုပ်ငန်းရှင်များအနေဖြင့် များစွာနစ်နာမှုရှိကြောင်း၊ သို့ဖြစ်၍ ၂၀၂၀ ပြည့်နှစ်၊ မတ်လနှင့် ဧပြီလအတွင်းတွင် အချင်းချင်းညှိနှိုင်းမှုများဆောင်ရွက်ခဲ့ကြရာ ထုတ်လုပ်ပြီးနှင့် ထုတ်လုပ်ဆဲ အထည်/ကုန်ပစ္စည်းများအတွက် ကုန်မှာသူများမှပေးချေရန် သဘောတူညီမှုရရှိခဲ့ကြကြောင်းကိုလည်း ဖော်ပြထားပါသည်။

ထိုသို့ ညှိနှိုင်းမှုရရှိသည့် ကုန်အမှာစာများအတွက် ပြီးစီးအောင်ပြန်လည်ချုပ်လုပ်နိုင်ရန် ဘင်္ဂလားဒေ့ရှ်နိုင်ငံ စက်ရုံ(၄၀၀၀)ကျော်အနက်(၂၀၀၀)ခန့်ပြန်ဖွင့်လှစ်ရကြောင်း၊ သို့ရာတွင် မြန်မာ နိုင်ငံ၏အထည်ချုပ်စက်ရုံ (၆၀၀)ကျော်အနက်မှ(၁၅၀)ခန့်

သည်လည်းကောင်း၊ ကမ္ဘောဒီးယားနိုင်ငံမှ အထည်ချုပ်စက်ရုံ (၆၀၀) ကျော်အနက်မှ (၂၀၀) ခန့်တို့သည် လည်းကောင်း ပိတ်ခဲ့ရကြောင်းကို သက်ဆိုင်ရာအထည်ချုပ်အသင်းများ၏ သတင်းအချက်အလက်များအရသိရှိရကြောင်း၊ ပြန်လည် ဖွင့်လှစ်ခဲ့သည့် အထည်ချုပ်စက်ရုံများအနေဖြင့်လည်း Coronavirus ကူးစက်ရောဂါကာကွယ်ရေး စည်းမျဉ်းများ၏ စိန်ခေါ်မှုများကို ရင်ဆိုင်ရကြောင်း၊ စက်ရုံဝင်ပေါက်တွင် အပူချိန်တိုင်းတာခြင်း၊ လက်ဆေးစေခြင်းတို့ကိုဆောင်ရွက်စေသော်လည်း၊ စက်ရုံအတွင်းတွင် အထည်များကို နီးကပ်စွာ ချုပ်လုပ်ကြရသည့်အခြေအနေများကြောင့် တစ်ဦးနှင့်တစ်ဦးရောဂါကူးစက်မှုများကို ကာကွယ်နိုင်သည်ဟုပြော၍မရကြောင်းဖြင့် ဖော်ပြပါရှိပါသည်။

ဆက်လက်၍ ၂၀၂၀ ပြည့်နှစ်၊ ဧပြီလနောက်ပိုင်းတွင် အချို့သောအမှာစာများသည် တစ်ဖြည်းဖြည်း ပြန်လည်မှာယူလာကြကြောင်း၊ ဆွီဒင်အခြေစိုက် ဖက်ရှင်လက်လီရောင်းချသူ H&M အနေဖြင့် ဖိုင်းရပ်ပြန့်ပွားမှုနှုန်းမြင့်ခဲ့သည့် (၂)ပတ်တာကာလအတွက်သာ အမှာစာများဆိုင်းငံ့ခဲ့ကြောင်း၊ အမေရိကန်နိုင်ငံအခြေစိုက် ကမ္ဘာ့အကြီးဆုံးလက်လီရောင်းချသူဖြစ်သော Walmart အနေဖြင့် ယင်း၏ကုန်အမှာစာများကို အာရှဒေသရှိထုတ်လုပ်သူများထံသို့ ဧပြီလအတွင်းက ပြန်လည်ပေးပို့မှာယူခဲ့ကြောင်း၊ သို့ရာတွင် လက်ရှိအခြေအနေများအရ ကုန်အမှာစာအသစ်များ ပြန်လည်ရရှိသည့်တိုင် အာရှဒေသရှိ အထည်ချုပ်လုပ်ငန်းများသည် ပြန်လည်လည်ပတ်နိုင်ရန် အခက်အခဲများစွာကို ရင်ဆိုင်ရလျက်ရှိနေကြောင်း ဖော်ပြထားပါသည်။

မြန်မာနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ရှိ အထည်ချုပ်စက်ရုံအများစု သည် ဆက်လက်ရပ်တည်ရန် ခက်ခဲမှုများနှင့်ရင်ဆိုင်ရလျက်ရှိသည့်အတွက် ယင်းစက်ရုံများ၏ ဝန်ထမ်းများအလုပ်လက်မဲ့ဖြစ်ခြင်း၊ အကျိုးဆက်အဖြစ် ဝန်ထမ်းများနှင့်မိသားစုများ၏ စားဝတ်နေရေးအတွက် အခက်အခဲဖြစ်ရခြင်း၊ အထည်ချုပ်လုပ်ငန်းနယ်ပယ်ရှိ ဝန်ထမ်းများအတွက် အနာဂတ်မျှော်လင့်ချက်များကို ပျက်စီးစေခြင်းစသည်တို့ကို တွေ့ကြုံရသည့်အတွက် စက်ရုံများမူလအခြေအနေအတိုင်း ပြန်လည်ဖွင့်လှစ်နိုင်ရန် ဝန်ထမ်းများကမျှော်လင့်နေကြကြောင်း ဖော်ပြပါရှိပါသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် လက်ရှိအခြေအနေအရ အထည်ချုပ်လုပ်ငန်းများမှ ဝန်ထမ်းအချို့သည် လုပ်ငန်းခွင့်ပြန်ဝင်နိုင်ခဲ့သော်လည်း၊ ဝန်ထမ်း(၁)သန်းခန့်သည် မတ်လနှောင်းပိုင်းတွင် လစာမဲ့ခွင့်ဖြင့်အလုပ်နားခဲ့ရကြောင်း၊ ဝန်ထမ်း (၇၅၀၀၀) ခန့်သည် ၂၀၂၀ ပြည့်နှစ်၊ မတ်လအတွက် လစာကိုလုံးဝမရခဲ့ကြကြောင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ အထည်ချုပ်နှင့်ပို့ကုန်အသင်း၏ ပြောကြားချက်အရသိရှိရပါသည်။ သက်ဆိုင်ရာအစိုးရမှ အမေရိကန်ဒေါ်လာ (၅၈၈) သန်း တန်ဖိုးရှိရန်ပုံငွေအစီအစဉ်ကို ကြေညာခဲ့သော်လည်း အဆိုပါပမာဏသည် မလောက်ငှနိုင်ကြောင်း၊ ထို့ပြင် ကိုယ်ပိုင်ကုမ္ပဏီ(၈)ခုနှင့် ကုမ္ပဏီများသည် အဆိုပါ ရန်ပုံငွေထောက်ပံ့မှုအစီအစဉ်တွင် အကျုံးမဝင်ကြောင်းဖြင့် ဖော်ပြထားပါသည်။

ကမ္ဘောဒီးယားနိုင်ငံအစိုးရမှအမေရိကန်ဒေါ်လာ(၄၀)နှင့် အလုပ်ရှင်မှ အမေရိကန်ဒေါ်လာ (၃၀)၊ စုစုပေါင်း အမေရိကန်ဒေါ်လာ (၇၀) အား အထည်ချုပ်ဝန်ထမ်းများအား ထောက်ပံ့ပေးမည့် ရန်ပုံငွေအစီအစဉ်တွင် အထည်ချုပ်ဝန်ထမ်း (၆၀,၀၀၀) ခန့်သည် ရရှိခြင်းမရှိသေးဘဲ စောင့်ဆိုင်းနေရကြောင်း၊ အဆိုပါငွေပမာဏသည်လည်း အနိမ့်ဆုံးလုပ်ခလစာ၏ သုံးပုံတစ်ပုံမျှသာရှိပြီး ဝန်ထမ်းများအားလုံးထံသို့လည်း မရရှိကြသေးသဖြင့် ဝန်ထမ်းအများစုသည် နေ့စဉ်နေထိုင်စား သောက်စရိတ်များအပေါ်တွင် အကြွေးတင်နေကြကြောင်း၊ NGO အဖွဲ့အစည်းများနှင့် အလှူရှင်များထံမှ လှူဒါန်းရရှိသည့်ဆန်နှင့် အစားအသောက်များအပေါ်တွင် မှီခိုနေရကြောင်းဖြင့် ထည့်သွင်းဖော်ပြထားပါသည်။

မြန်မာနိုင်ငံတွင် အထည်ချုပ်လုပ်ငန်းကဏ္ဍသည် လျှင်မြန်စွာတိုးတက်လာသည့်ကဏ္ဍတစ်ခုဖြစ်ပြီး၊ အများဆုံး ပို့ကုန် (၁၀)မျိုးစာရင်းတွင် တစ်ခုအပါအဝင်ဖြစ်ကာ လွန်စွာနွမ်းပါးသည့် လူတန်းစားများနှင့် ကျေးရွာများမှမြို့ပေါ်သို့ ရွှေ့ပြောင်းလာသည့်လုပ်သားများအတွက် အဓိကရပ်တည်ရာ အသက်မွေးဝမ်းကြောင်းလုပ်ငန်းတစ်ခုလည်းဖြစ်သည့်အတွက် အဆိုပါ အထည်ချုပ်လုပ်ငန်းကဏ္ဍ ရေရှည်ရပ်တည်နိုင်ရေးသည် ယင်းကဏ္ဍကိုမှီခိုရလျက်ရှိသည့်ဝန်ထမ်းများ၏ ဘဝရှင်သန်ရပ်တည်နိုင်ရေးအတွက်အရေးကြီးသည့်သကဲ့သို့ နိုင်ငံ၏ပို့ကုန်တိုးတက်ရေးအတွက် အဓိကအရေးကြီးသည့် ကဏ္ဍတစ်ခုပင်ဖြစ်ပါသည်။

**Source: စီးပွားရေးသံမှူး-မြန်မာသံရုံး ၊ ဆိုးလ်မြို့**

# STOCK EXCHANGE (25.5.2020)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 25th May. 2020

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 10,500 | +0 | +0.00% | 11,000 | 11,000 | 10,500 | 2,422 | 26,428,500 | 27,112,747 | 284,684 |
| MTSH | 00002 | 3,800 | +50 | +1.33% | 3,750 | 3,800 | 3,750 | 9,365 | 35,464,150 | 38,929,150 | 147,931 |
| MCB | 00003 | 8,100 | +0 | +0.00% | 8,100 | 8,100 | 8,100 | 0 | 0 | 10,400,986 | 84,248 |
| FPB | 00004 | 24,000 | +0 | +0.00% | 24,000 | 24,000 | 24,000 | 1,703 | 40,872,000 | 2,472,053 | 59,329 |
| TMH | 00005 | 2,800 | +50 | +1.82% | 2,800 | 2,800 | 2,800 | 1,510 | 4,228,000 | 12,823,224 | 35,905 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 447.01 | +1.89 | +0.42% | 455.02 | 456.91 | 445.12 | 15,000 | 106,992,650 | 5 | 612,097 |

### Index chart




## Market Overview

As of 1:00 pm, 25th May. 2020

| MYANPIX | 447.01 ▲ 1.89 |
|---|---|
| Total Volume (shares) | 15,000 |
| Total Value (MMK) | 107 mil |
| Listed Company | 5 |
| Market Cap. (MMK) | 612,097 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 10,500 | ▲ 0 |
| MTSH | 00002 | 3,800 | ▲ 50 |
| MCB | 00003 | 8,100 | ▲ 0 |
| FPB | 00004 | 24,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 50 |